السنّة النبوية وعلومها
www.sunnah.global

# ကလိမဟ်တော် နှစ်ခုသည် နှုတ်လျှာပေါ်တွင် (ရွတ်ဆိုရာ၌ ) လွယ်ကူ ပေါ့ပါးပြီး (မီဇာန် ) ချိန်ခွင်၌ အချိန်စီးသည်။ အနန္တကရုဏာရှင်ထံတော်၌လည်း နှစ်သက်ဖွယ်ရာဖြစ်သည်။

> အဗူဟုရိုင်ရဟ် (ရသွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ် ) မိန့်ကြားတော်မူသည်။ ကလိမဟ်တော် နှစ်ခုသည် နှုတ်လျှာပေါ်တွင် (ရွတ်ဆိုရာ၌ ) လွယ်ကူ ပေါ့ပါးပြီး (မီဇာန် ) ချိန်ခွင်၌ အချိန်စီးသည်။ အနန္တကရုဏာရှင်ထံတော်၌လည်း နှစ်သက်ဖွယ်ရာဖြစ်သည်။ ၎င်းတို့မှာ ( سُبْحَانَ اللّٰهِ الْعَظِيمِ ، سُبْحَانَ اللّٰهِ وَبِحَمْدِهِ )ဖြစ်သည်။ အဓိပ္ပါယ် - (ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် ချို့တဲ့မှုအပေါင်းမှ သန့်ရှင်းစင်ကြယ်တော်မူ၏။ အလ္လာဟ်အရှင်မြတ်သည် ချို့တဲ့မှုအပေါင်းမှ သန့်ရှင်းစင်ကြယ်တော်မူပြီး ချီးမွမ်းထောမနာခြင်းဟူသမျှသည် အရှင်မြတ်အတွက်သာ ဖြစ်တော်မူ၏။)
>
> [صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ် )သည် ကလိမဟ်တော်နှစ်ခုကို တင်ပြကာ ယင်းကလိမဟ်တော်နှစ်ခုသည် လူတစ်ဦးအဖို့ မည်သည့်အချိန်တွင်မဆို အခက်အခဲမရှိ လွယ်ကူစွာ ရွတ်ဖတ်နိုင်သလို မီဇာန်ချိန်ခွင်၌ အကျိုးကုသိုလ်ကြီးမားကာ ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အနန္တကရုဏာရှင်လည်း နှစ်သက်တော်မူကြောင်း မိန့်ကြားတော်မူခဲ့သည်။ ၎င်းကလိမဟ်တော်မှာ -( سُبْحَانَ اللّٰهِ الْعَظِيمِ ، سُبْحَانَ اللّٰهِ وَبِحَمْدِهِ ) ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုကလိမဟ်တော်နှစ်ခုတွင် ကြီးကျယ်မြင့်မြတ်ပြီး ပြီးပြည့်စုံသော အရှင်မြတ်၏ ဂုဏ်တော်များကို မြွက်ဆိုခြင်းနှင့် အရှင်မြတ်သည် လျော့နည်းမှု၊ ချို့တဲ့မှုများမှ သန့်ရှင်းစင်ကြယ်တော်မူကြောင်း မြွက်ဆိုခြင်းတို့ ပါဝင်သည့်အတွက်ဖြစ်သည်။

https://www.sunnah.global/hadeeth/my/show/5507

النجاة الخيرية
ALNAJAT CHARITY
لجنة الدعوة الإلكترونية
EDC E-Da'wah Committee